# အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တက်ရောက်

ဒီဇင်ဘာလ ၂၃ ရက်

ရန်ကုန်

အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် ၀၉:၀၀ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပပြုလုပ်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ NGO ၊ INGO ၊ လူမှုအဖွဲ့အစည်းများ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များတက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီကို ၁၆-၂-၂၀၁၇ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများ ကို ၂၀-၆-၂၀၁၇ ရက်နေ့တွင် ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း၊ အမျိုးသားကော်မတီ မှ လုပ်ငန်းစဉ် ၅ ရပ် ချမှတ်၍ ညှိနှိုင်းအစည်းအဝေး ၃ ကြိမ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၇-၇-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များနှင့်အညီ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီအလိုက် သက်ဆိုင်ရာနယ်မြေများတွင် အစည်းအဝေးများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာအချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်စာရင်းစစ်တမ်းကောက်ယူခြင်း၊သုံးပွင့်ဆိုင်ဆွေးနွေးခြင်းအားဖြင့် ရရှိလာသည့် အဆိုပြုနှုန်းထားများကို အမျိုးသားကော်မတီသို့ တင်ပြခဲ့ပါကြောင်း။

အမျိုးသားကော်မတီတတိယအကြိမ်အစည်းအဝေးကို၂-၁၀-၂၀၁၇ရက်နေ့၌ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားများ အဖြစ် ရှမ်းပြည်နယ်မှ ၄,၀၀၀ိ/-၊ ပြည်ထောင်စုနယ်မြေ၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၄,၅၀၀ိ/-၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ၄,၈၀၀ိ/-၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ၅,၀၀၀ိ/-၊ ဧရာဝတီတိုင်း ဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ၅,၂၀၀ိ/-၊ ချင်းပြည်နယ်မှ ၆,၀၀၀ိ/-၊ မန္တလေးတိုင်းဒေသကြီးမှ ၄,၃၀၀ိ/- မှ

၆,၃၀၀ိ/- ကြား၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄,၄၀၀ိ/- မှ ၆,၄၀၀ိ/- ကြားအသီးသီးတင်ပြလာပါကြောင်း။

အနည်းဆုံးအခကြေးငွေနှုန်းထားကို နေရာဒေသနှင့် လုပ်ငန်းအမျိုးအစား မခွဲခြားဘဲ တစ်နိုင်ငံလုံး တစ်ပြေးညီ သတ်မှတ်ရန်၊ အလုပ်သမား ၁၀ ဦး အောက်လုပ်ငန်းများကို သတ်မှတ်သင့်၊ မသင့်နှင့် အဆိုပြုအနည်းဆုံးအခကြေး ငွေနှုန်းထားကို ၄,၀၀၀ိ/-နှင့် ၄,၈၀၀ိ/- ကြားသတ်မှတ်ရန် သင့်၊မသင့်တို့ကိုပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီများမှမိမိတို့နယ်မြေဒေသအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများမှ အလုပ်ရှင်၊အလုပ်သမားများနှင့် ဆွေးနွေးပြီး အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြရန်၊ အနည်းဆုံးအခကြေးငွေ ပြင်ဆင်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့်အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(စတုတ္ထကြိမ်) တို့ကို ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ရန် ဆုံးဖြတ်ချက်ချခဲ့၍ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ပါကြောင်း။

အမျိုးသားကော်မတီ၏ တတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက် အပေါ် ပြည်ထောင်စုနယ်မြေ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ (၄) ခုနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့မှ အဆိုပြုနှုန်းထား ၄,၀၀၀ိ/- နှင့် ၄,၈၀၀ိ/- ကြား၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီးတို့မှ အဆိုပြုနှုန်းထား ၄,၈၀၀ိ/- ၊ ဧရာဝတီတိုင်းဒေသကြီးက အဆိုပြုနှုန်းထား ၄,၈၀၀ိ/-မှ ၅,၂၀၀ိ/- ကြား၊ မန္တလေးတိုင်းဒေသကြီးက အဆိုပြုနှုန်းထား ၄,၃၀၀ိ/- မှ ၆,၃၀၀ိ/-ကြား အသီးသီးသတ်မှတ်လိုကြောင်း တင်ပြခဲ့ပြီး အမျိုးသားကော်မတီ၏ သတ်မှတ်နှုန်းထားအတိုင်း လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလာပါကြောင်း။

အနည်းဆုံးအခကြေးငွေ တစ်ရက်လျှင် ၅,၆၀၀ိ/- ကျပ်ထက်မနည်း အမြန်ဆုံး သတ်မှတ်ပေးရေးအလုပ်သမားအဖွဲ့အစည်းများ၊အနည်းဆုံးအခကြေးငွေ အလုပ်သမားအခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်ကိုလည်းသိရှိကြမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်အရဆောင်ရွက်မည့် အပိုင်း ၃ ပိုင်းတွင်ရရှိသည့် အချိန်အတွင်းထိရောက်စွာပါဝင်ဆွေးနွေးပြီးရေရှည်လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် ကုန်ထုတ်စွမ်းအားမြင့်မားရေးသာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်ပေါင်းစုံက လွှမ်းခြုံစဉ်းစားကာ ဒေသတွင်းခေတ်စနစ်နှင့်လျော်ညီသည့် အနည်းဆုံးအခကြေးငွေ ပြင်ဆင် သတ်မှတ်နိုင်ရေး အပြုသဘောဆောင်ပြီး ဆွေးနွေးပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်လာကြသူများမှ အနည်းဆုံးအခကြေးငွေဆိုင်ရာ သဘောတရားနှင့်ဥပဒေပြဋ္ဌာန်းမှုများနှင့် အနည်းဆုံးအခကြေးငွေဖွံ့ဖြိုးတိုးတက်လာမှုများ၊ လုပ်ခလစာပေးသည့်စနစ်ပုံစံနှင့် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်ပြဋ္ဌာန်းမှုနှင့် သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားဆွေးနွေးခြင်း စသည့် အပိုင်း ၃ ပိုင်းဖြင့် ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိဂုံးချုပ်အမှာစကားပြောကြား၍ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။